# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၁၂/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃) ရက်

| ၃- ၇- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀၀ |
| ယူရို | ၂,၄၇၇.၅၈ |
| စင်္ကာပူဒေါ်လာ | ၁,၆၅၀.၈၈ |
| စတာလင်ပေါင် | ၂,၈၇၁.၀၂ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၅၉.၈၅ |
| တရုတ်ယွမ် | ၂၉၃.၂၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၂ |
| အိန္ဒိယရူပီး | ၂၄.၆၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၄.၄၀ |
| မလေးရှား ရင်းဂစ် | ၄၉၇.၆၉ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၃၁ |
| ထိုင်းဘတ် | ၆၄.၉၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၁ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယဗဟိုအစိုးရသည် ဘဏ္ဍာနှစ်တစ်ခုလျှင် ဆေးဘက်ဆိုင်ရာသုံးအဆင့် သကြား တန်ချိန် ၂၅,၀၀၀ ပြည်ပသို့တင်ပို့ရန် ခွင့်ပြု

➢ အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနသည် နွေပဲတီစိမ်းနှင့် မတ်ပဲတို့ကို ပြည်နယ်နှစ်ခုမှ အနည်းဆုံးပံ့ပိုးဈေးနှုန်း (MSP) ဖြင့် ဝယ်ယူရန် အတည်ပြု

➢ ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံမှ တစ်စိတ်တစ်ပိုင်းပြန်လည်တင်သွင်းခွင့်ပြုခဲ့သည့် သတင်းအား တင်ပြခြင်း

- **အထွေထွေသတင်းများ**

➢ အိန္ဒိယနိုင်ငံတွင် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များအရပင်ရင်းနိုင်ငံ၏ သက်သေခံလက်မှတ်များထုတ်ပေးမှု တိုးတက်လာ

➢ အိန္ဒိယတောင်သူလယ်သမားများအဖွဲ့ (Rashtriya Kisan Mahasangh-RKM) က အမေရိကန်ပြည်ထောင်စုနှင့် ဆောင်ရွက်လျက်ရှိသော လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် (FTA) ဆိုင်ရာ ညှိနှိုင်းမှုများကို ရပ်တန့်ရန် အစိုးရအား တိုက်တွန်း

➢ အမေရိကန်ပြည်ထောင်စုမှ အီရန်နျူကလီးယားစခန်းများအား လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့မှုကြောင့် အိန္ဒိယနိုင်ငံအတွက် အနောက်အာရှနှင့် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ကျော်အထိ ထိခိုက်နိုင်

# အိန္ဒိယဗဟိုအစိုးရသည် ဘဏ္ဍာနှစ်တစ်ခုလျှင် ဆေးဘက်ဆိုင်ရာသုံးအဆင့်သကြား တန်ချိန် ၂၅,၀၀၀ ပြည်ပသို့ တင်ပို့ရန် ခွင့်ပြု

အိန္ဒိယဗဟိုအစိုးရသည် ဘဏ္ဍာနှစ်တစ်ခုလျှင် ဆေးဘက်ဆိုင်ရာသုံးအဆင့်သကြား (Pharma grade sugar) တန်ချိန် ၂၅,၀၀၀ ပြည်ပသို့ တင်ပို့ရန် ခွင့်ပြုခဲ့သည်။ အဆိုပါ ခွင့်ပြုချက်သည် စိစစ်ပြီးသော ဆေးဝါးတင်ပို့သူများအတွက်သာ အကျုံးဝင်မည်ဖြစ်ကြောင်း တရားဝင်သတင်းရင်းမြစ်များအရ သိရသည်ဟု Zeebiz သတင်းဌာနက ယခုလ ၁၈ ရက်က ဖော်ပြသည်။

အဆိုပါခွင့်ပြုချက်ရရှိရန် တင်ပို့သူများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်လိုင်စင်ထုတ်ပေးရေး အာဏာပိုင်အဖွဲ့မှ ထုတ်ပေးသော တရားဝင်ဆေးဝါးထုတ်လုပ်မှုလိုင်စင်ကို မဖြစ်မနေတင်ပြရန် လိုအပ်ကြောင်း သိရသည်။ ထို့အပြင် ၎င်းတို့အနေဖြင့် ဆေးဘက်ဆိုင်ရာသုံးအဆင့်သကြားဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း အိန္ဒိယအမျိုးသားအသိအမှတ်ပြုဘုတ်အဖွဲ့ (NABL) မှ အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းများမှ စမ်းသပ်စစ်ဆေးမှုအစီရင်ခံစာများနှင့် လက်မှတ်များကိုလည်း တင်ပြရန် လိုအပ်ကြောင်း သိရသည်။

Sucrose IP ဟုလည်း ခေါ်ဆိုကြသည့် အဆိုပါ ဆေးဘက်ဆိုင်ရာသုံးအဆင့် သကြားသည် အလွန်သန့်စင်ပြီး စစ်ထုတ်ယူထားသော အထူးအဆင့်သကြားတစ်မျိုး ဖြစ်ကြောင်း၊ ၎င်းသကြားအမျိုးအစားကို ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ အသုံးချမှုများတွင် အသုံးပြုကြောင်း၊ ထို့ကြောင့် မြင့်မားသော စံချိန်စံညွှန်းများနှင့် သန့်ရှင်းမှုရှိစေရန် ရည်ရွယ်သည့် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းဆိုင်ရာ ခွင့်ပြုချက် လုပ်ငန်းစဉ်ကို ဖြတ်သန်းရကြောင်း သိရသည်။

အဆိုပါ ဆေးဘက်ဆိုင်ရာသုံးအဆင့် သကြားကို ဆေးဝါးများ၊ သောက်ဆေးရည်များ၊ ဆေးရည်များနှင့် အခြားဆေးဘက်ဆိုင်ရာ တွက်ချက်ရောစပ်မှုများ ထုတ်လုပ်ရာတွင် အသုံးပြုကြောင်း သိရသည်။ ယင်းသို့ မြင့်မားသော စံချိန်စံညွှန်းများ လိုအပ်ခြင်းမှာ အသုံးပြုသည့် နောက်ဆုံးထုတ်ကုန်များတွင် ညစ်ညမ်းမှုဖြစ်နိုင်ခြေမရှိမှု သေချာစေရန်ဖြစ်ကြောင်း သိရသည်။

ဆေးဘက်ဆိုင်ရာသုံးအဆင့်သကြား၏ ထူးခြားသောအချက်မှာ ၎င်းသည် အချိုဓာတ်ပေးပစ္စည်းများ (Sweetener) အနက် ဆာလဖာဓါတ်မပါဝင်သည့် တစ်ခုတည်းသော အမျိုးအစားဖြစ်ကြောင်း သိရသည်။

Agribusiness & Trade

မြန်မာနိုင်ငံအနေဖြင့်လည်း ယင်းကဲ့သို့ အရည်အသွေးမြင့်သကြားများကို စံချိန်စံညွှန်းနှင့် အညီထုတ်လုပ်၍ ပြည်ပသို့တင်ပို့ ရောင်းချနိုင်မည်ဆိုပါက အရေအတွက်နည်းနည်းဖြင့် ဈေးကောင်း ပိုမိုရရှိနိုင်မည့် အခွင့်အလမ်းရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Zeebiz, Centre gives nod to export of 25,000 tonnes pharma grade sugar, June 18, 2025.

.................................................................................................................................

## အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနသည် နွေပဲတီစိမ်းနှင့် မတ်ပဲတို့ကို ပြည်နယ်နှစ်ခုမှ အနည်းဆုံး ပံ့ပိုးဈေးနှုန်း (MSP) ဖြင့် ဝယ်ယူရန် အတည်ပြု

အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာနသည် နွေပဲတီစိမ်းနှင့် မတ်ပဲတို့ကို Madhya Pradesh ပြည် နယ်မှလည်းကောင်း၊ မတ်ပဲကို Uttar Pradesh ပြည်နယ်မှလည်းကောင်း အနည်းဆုံးပံ့ပိုးဈေးနှုန်း (MSP) ဖြင့် ဝယ်ယူရန် အတည်ပြုခဲ့ကြောင်း The Hindu Businessline က ယခု ၂၄ ရက်တွင် ဖော် ပြသည်။

အိန္ဒိယ ဗဟိုအစိုးရ စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan သည် အဆိုပါ ပြည်နယ် နှစ်ခုမှ စိုက်ပျိုးရေးဝန်ကြီးများနှင့် အစည်းအဝေးကျင်းပခဲ့ပြီး ဈေးနှုန်းပံ့ပိုးမှုအစီအစဉ် (Price Support Scheme -PSS) အောက်တွင် အဆိုပါဝယ်ယူမှုကို အတည်ပြုခဲ့ကြောင်း တရားဝင်ထုတ် ပြန်ချက်အရ သိရသည်။

Chouhan သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ဝယ်ယူရေးဆိုင်ရာ ထောက်ပံ့ပို့ဆောင်မှုများ ကိုလည်း ဆွေးနွေးခဲ့ပြီး NAFED၊ အိန္ဒိယနိုင်ငံ အမျိုးသားသမဝါယမစားသုံးသူများအဖွဲ့ချုပ် (NCCF) နှင့် ပြည်နယ်အရာရှိများသို့ လိုအပ်သော ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ NAFED နှင့် NCCF တို့သည် ပြည်ထောင်စုအစိုးရကိုယ်စားသီးနှံများကို ဝယ်ယူကြကြောင်း သိရ သည်။

အဆိုပါ အစည်းအဝေးအတွင်း Chouhan က ပဲတီစိမ်းနှင့် မတ်ပဲတို့ကို ဝယ်ယူရန် ဆုံးဖြတ် ချက်သည် ဗဟိုအစိုးရအပေါ် သိသာထင်ရှားသော ငွေကြေးဝန်ထုပ်ဝန်ပိုးဖြစ်စေမည် ဖြစ်သော်လည်း ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ဦးဆောင်မှုအောက်တွင် အစိုးရသည် တောင်သူလယ်သမားများ ရည်

ရွယ်ထားသော အကျိုးကျေးဇူးများကို ရရှိစေရန် ကတိပြုထားကြောင်း ပြောကြားခဲ့သည်။ ၎င်းက ဝယ်ယူရေးလုပ်ငန်းစဉ်ကို စနစ်တကျ ဆောင်ရွက်ရန် အရေးကြီးကြောင်း အလေးထားပြောကြားခဲ့သည်။ တောင်သူလယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူခြင်းဖြင့် ကြားခံလူများ၏ သြဇာလွှမ်းမိုးမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး အမှန်တကယ် အကျိုးကျေးဇူးကို တောင်သူလယ်သမားများထံ ရောက်ရှိစေမည်ဖြစ်ကြောင်း သိရသည်။

၎င်းက တောင်သူလယ်သမားများ မှန်ကန်စွာ မှတ်ပုံတင်နိုင်ရန် နောက်ဆုံးပေါ်နှင့် အထိရောက်ဆုံးနည်းပညာများကို အသုံးပြုရန် တောင်းဆိုခဲ့ပြီး လိုအပ်ပါက ဝယ်ယူရေးဗဟိုဌာနများအရေအတွက် တိုးမြှင့်ရန်နှင့် လုပ်ငန်းစဉ်တစ်ခုလုံးကို တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် အရာရှိများ ကို အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးများနှင့် အရာရှိများကို သိုလှောင်မှုဆိုင်ရာ မူမမှန်မှုများနှင့်စပ်လျဉ်းသော စိုးရိမ်ပူပန်မှုများအား ထုတ်ဖော်ပြောကြားရာတွင် ပြဿနာကို ဖြေရှင်းရန် ခိုင်မာသော အစီအမံများ ပြုလုပ်ကြဖို့ Chouhan က တိုက်တွန်းခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ Madhya Pradesh ပြည်နယ် တောင်သူလယ်သမား၊ လူမှုဖူလုံရေးနှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Aidal Singh Kansana၊ Uttar Pradesh ပြည်နယ် စိုက်ပျိုးရေးဝန်ကြီး Surya Pratap Shahi၊ ပြည်ထောင်စု စိုက်ပျိုးရေးအတွင်းဝန် Devesh Chaturvedi နှင့် အခြားအကြီးတန်းအရာရှိများ တက်ရောက်ခဲ့ကြကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ ဗဟိုအစိုးရမှ မတ်ပဲနှင့် ပဲတီစိမ်းတို့ကို ပြည်နယ်နှစ်ခုမှ အနည်းဆုံးပံ့ပိုးဈေးနှုန်း (MSP) ဖြင့် ဝယ်ယူရန် အတည်ပြုလိုက်ခြင်းသည် မြန်မာနိုင်ငံမှ ပဲအမျိုးမျိုး တင်ပို့မှုအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဝယ်ယူမှု ပမာဏနှင့် ဈေးနှုန်းမူဝါဒများသည် မြန်မာ့ပဲဈေးကွက်အပေါ် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ အကယ်၍ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုနှင့် ဝယ်ယူမှုများ တိုးမြှင့်လာပါက မြန်မာနိုင်ငံမှ တင်ပို့သည့် ပဲအမျိုးမျိုးအတွက် အိန္ဒိယဈေးကွက်၏ ဝယ်လိုအား အနည်းငယ်လျော့ကျသွားနိုင်ပါသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်သည် ကြီးမားသည့်အတွက် မြန်မာ့ပဲများအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရှိနေဦးမည်ဟု သုံးသပ်ရပါသည်။

မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးမူဝါဒများနှင့် ပဲဝယ်ယူမှု အခြေအနေများကို အနီးကပ်စောင့်ကြည့်လေ့လာပြီး မိမိတို့၏ တင်ပို့မှု မဟာဗျူဟာများကို လိုက်လျောညီထွေစွာ ပြင်ဆင်ဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါသည်။

ကောင်းထွဋ်နွယ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Centre approves procurement of summer moong, urad in MP, urad in UP, June 24, 2025.

## ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံမှ တစ်စိတ်တစ်ပိုင်း ပြန်လည်တင်သွင်းခွင့်ပြုခဲ့သည့် သတင်းအား တင်ပြခြင်း

ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံအကြား စစ်ရေးအရတင်းမာမှုများ မြင့်တက်လျက်ရှိသော်လည်း နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်လာစေရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများလျော့နည်းလာစေရေးအတွက် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တစ်စိတ်တစ်ပိုင်း ပြန်လည် တင်သွင်းခွင့်ပြုခဲ့ကြောင်း ၃၀-၆-၂၀၂၅ ရက်နေ့ထုတ် The Japan Times သတင်းစာတွင် “China partially lifts ban on Japanese seafood imports in bid to ease frictions” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါ သတင်းတွင် ဂျပန်နိုင်ငံ၏ အဓိကပို့ကုန်တစ်ခုဖြစ်သည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံမှ ပြန်လည်တင်သွင်းခွင့်ပြုခဲ့ခြင်းမှာ ဂျပန်နိုင်ငံအတွက် ကြီးမားသည့် အပြောင်းအလဲတစ်ခုဖြစ်ကြောင်း ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီး Shinjiro Koizumi က ပြောကြားထားကြောင်း၊ ဖူကူရှီးမားအမှတ်(၁)နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေများကို ပင်လယ်ထဲသို့ စွန့်ပစ်ခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များအားလုံးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လမှစတင်၍ တင်သွင်းခွင့်ပိတ်ပင်ခဲ့ကြောင်းနှင့် ၂၉-၆-၂၀၂၅ ရက်နေ့မှ စတင်၍ ပထမဆုံးအကြိမ် ပြန်လည်တင်သွင်းခွင့်ပြုခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ၏ ဒေသအချို့မှ ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း၊ ဖူကူရှီးမား၊ မီရာဂီနှင့်

တိုကျို၊အပါအဝင် ပြည်နယ် ၁၀ ခုသည် ပြန်လည်တင်သွင်းခွင့်ပြုခဲ့သည့် ပြည်နယ်များတွင် မပါရှိသေးကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အဆိုပါကျန်ရှိသည့်ပြည်နယ် ၁၀ ခု အပါအဝင် ဂျပန်နိုင်ငံ၏ အမဲသားကို တရုတ်နိုင်ငံဘက်မှ ပြန်လည်တင်သွင်းခွင့်ပြုရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့ ဒုတိယအတွင်းရေးမှူးချုပ်Kazuhiko Aoki က ပြောကြားထားကြောင်း ဖော်ပြထားပါသည်။

ဖူကူရှီးမားအမှတ်(၁) နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေများစွန့်ပစ်ထားမှုကို နိုင်ငံတကာအဏုမြူ စွမ်းအင်အေဂျင်စီ၏ မူဘောင်အရ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်သွားရန် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် သဘောတူညီမှု ရရှိခဲ့ကြကြောင်း၊ ဂျပန်နိုင်ငံမှ တရုတ်နိုင်ငံသို့ တင်သွင်းလာမည့် ရေထွက်ကုန်လုပ်ငန်းများ စာရင်းကို တရုတ်နိုင်ငံတွင် မှတ်ပုံတင်ရန်နှင့် မှတ်ပုံတင်ပြီးသည့်ကုမ္ပဏီများမှ တင်သွင်းလာမည့် ရေထွက်ကုန်များသည် ပိုးမွှားရောဂါကင်းရှင်းကြောင်းနှင့် ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းများဖြစ်သည့် Cesium နှင့် Iodine ကင်းရှင်းကြောင်း စစ်ဆေးချက်အထောက်အထားများနှင့် ပင်ရင်းသက်သေခံလက်မှတ်များ ပူးတွဲတင်ပြလာသည့် ရေထွက်ကုန်များကိုသာ တင်သွင်းခွင့်ပြုသွားရန် ၂၀၂၅ ခုနှစ်၊ မေလတွင် တရုတ်နိုင်ငံဘက်မှ သဘောတူညီခဲ့ကြောင်း ဖော်ပြထားပါသည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား မဟာဗျူဟာမြောက်ယှဉ်ပြိုင်မှုမှာ ပိုမိုပြင်းထန်လာသည့်အတွက် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးကို တည်မြဲစေလို၍လည်းကောင်း၊ ဂျပန်နိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးအတွက် လည်းကောင်း ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံဘက်မှ တစ်စိတ်တစ်ပိုင်းပြန်လည် တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို

…………………………………………………………………………………………….

Agribusiness & Trade

## အိန္ဒိယနိုင်ငံတွင် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များအရ ပင်ရင်းနိုင်ငံ၏ သက်သေခံလက်မှတ်များ ထုတ်ပေးမှု တိုးတက်လာ

အိန္ဒိယနိုင်ငံတွင် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များအရ ထုတ်ပေးခဲ့သော ဦးစားပေးအကောက်ခွန်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်အရေအတွက်သည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၆,၈၄,၇၂၄ စောင်မှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ၇,၂၀,၉၉၆ စောင်အထိ ပုံမှန်တိုးတက်လာနေကြောင်း အစိုးရ၏ အချက်အလက်များအရ သိရပြီး၊ အိန္ဒိယနိုင်ငံမှ တင်ပို့သူများအနေဖြင့် အဆိုပါ ကုန်သွယ်ရေး ဆိုင်ရာသဘောတူညီချက်များကို ပိုမိုအသုံးပြုလာကြသည်ကို တွေ့ရှိရကြောင်း Economic Times က ယခုလ ၁၆ ရက်နေ့တွင် ဖော်ပြသည်။

အိန္ဒိယစီးပွားရေးဝန်ကြီး Sunil Barthwal က အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုသည် ဦးစားပေး ဆိုင်ရာ လမ်းကြောင်းအောက်မှ တိုးတက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ လွတ်လပ်စွာကုန် သွယ်ရေး သဘောတူညီချက်တစ်ခုတွင် နိုင်ငံနှစ်ခုသည် ၎င်းတို့အကြား ကုန်သွယ်မှုပြုသည့် ကုန် ပစ္စည်းအများဆုံးအပေါ် အခွန်များကို သိသိသာသာလျှော့ချခြင်း သို့မဟုတ် ဖယ်ရှားခြင်းပြုလုပ်ကြ ကြောင်း သိရသည်။

ယနေ့အချိန်ထိ အိန္ဒိယနိုင်ငံသည် ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ယူအေအီးနိုင်ငံ နှင့် ဩစတေးလျနိုင်ငံ အပါအဝင် ကုန်သွယ်ဖက်နိုင်ငံများနှင့် ယင်းကဲ့သို့သော သဘောတူညီချက် ၁၂ ခုကျော်ကို အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း သိရသည်။

ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်သည် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်များ ချုပ်ဆိုထားသည့် နိုင်ငံများသို့ တင်ပို့မှုများအတွက် လိုအပ်သော အဓိကစာရွက်စာတမ်းတစ်ခုဖြစ် သည်။ တင်ပို့သူတစ်ဦးသည် အဆိုပါလက်မှတ်ကို တင်သွင်းသည့်နိုင်ငံ၏ ဆိပ်ကမ်းတွင် တင်ပြရ ကြောင်း သိရသည်။ ၎င်းသည် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်များအရ အကောက် ခွန်သက်သာခွင့်များကို တောင်းဆိုရန် အရေးကြီးသည့် စာရွက်စာတမ်းတစ်ခုဖြစ်ပြီး၊ ကုန်ပစ္စည်းများ မည်သည့်နေရာမှလာသည်ကို သက်သေပြရန် မရှိမဖြစ်လိုအပ်သော အထောက်အထားတစ်ခုလည်း ဖြစ်သည်။

"တစ်စုံတစ်ဦးက ဤလက်မှတ်များကို ရယူနေသည်ဆိုပါက ၎င်းတို့သည် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်အရ ရသင့်ရထိုက်သော ဦးစားပေးအခွန်ကို အသုံးပြုနေခြင်းဖြစ် သည်" ဟု စီးပွားရေးဝန်ကြီး Barthwal က ပြောကြားခဲ့သည်။ အဆိုပါသဘောတူညီချက်များအရ

အကောက်ခွန်သက်သာခွင့်များ ရယူခြင်းဖြင့် အိန္ဒိယတင်ပို့သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်စေကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် လက်ရှိဘဏ္ဍာနှစ်၏ ဧပြီလမှ မေလအတွင်း ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် ၁,၃၂,၁၁၆ စောင် ထုတ်ပေးခဲ့ပြီး ယခင်ဘဏ္ဍာနှစ် အလားတူကာလတွင် ၁,၂၀,၅၉၈ စောင် ထုတ်ပေးခဲ့ကြောင်း အချက်အလက်များအရ သိရှိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Economic Times, Issuance of preferential certificates under FTAs rises, signals higher trade pact use by exporters, June 16, 2025.

..........................................................................................................................

## အိန္ဒိယတောင်သူလယ်သမားများအဖွဲ့ (Rashtriya Kisan Mahasangh-RKM) က အမေရိကန် ပြည်ထောင်စုနှင့် ဆောင်ရွက်လျက်ရှိသော လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် (FTA) ဆိုင်ရာ ညှိနှိုင်းမှုများကို ရပ်တန့်ရန် အစိုးရအား တိုက်တွန်း

အိန္ဒိယတောင်သူလယ်သမားများအဖွဲ့ (Rashtriya Kisan Mahasangh-RKM)က အမေရိကန်ပြည်ထောင်စုသည် ၎င်း၏ ထောက်ပံ့ကြေးပေးထားသော စိုက်ပျိုးရေးထုတ်ကုန်များကို အိန္ဒိယနိုင်ငံသို့ စုပုံတင်ပို့လိုသည့် အခြေအနေကို စိုးရိမ်မိသဖြင့် ၎င်းနှင့် ဆောင်ရွက်လျက်ရှိသော လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် (FTA) ဆိုင်ရာ ညှိနှိုင်းမှုများကို ရပ်တန့်ရန် အစိုးရအား တိုက်တွန်းခဲ့ကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံဟာ အမေရိကန်ပြည်ထောင်စုနဲ့ ကဏ္ဍအားလုံးကို လွှမ်းခြုံနိုင်တဲ့ ဘက်စုံလွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်အဖြစ် ပြောင်းလဲနိုင်တဲ့ ကြားဖြတ်ကုန်သွယ်ရေး သဘောတူညီချက်ကို အပြီးသတ်တော့မယ်လို့ ကျွန်တော်တို့ သတင်းရရှိပါတယ်။ အိန္ဒိယနိုင်ငံဟာ လတ်တလောမှာ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် ၁၇ ခုကို လက်မှတ်ရေးထိုးခဲ့ပြီး အများအပြားကို ညှိနှိုင်းလျက်ရှိပါတယ်။ ဒါပေမဲ့ အန္တရာယ်အရှိဆုံးကတော့ အမေရိကန်ပြည်ထောင်စုနဲ့ ချုပ်ဆိုမယ့် သဘောတူညီချက်ပဲဖြစ်ပါတယ်။ (တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ဖြစ်ပွားခဲ့တဲ့) ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်ပြည်ထောင်စုမှာ ဂျုံ၊ ပြောင်း၊ ဝက်သား၊ ကြက်သား၊ ပဲပုပ်နဲ့ နို့ထွက်ပစ္စည်းများ စုပုံနေပြီး အဲဒါတွေကို လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်ကနေတစ်ဆင့် အိန္ဒိယနိုင်ငံထဲကို စုပုံတင်ပို့ ချင်နေတဲ့ သဘောပါ။" ဟု ယခုလ ၂၅ ရက်က RKM မှ ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Agribusiness Trade

အိန္ဒိယ-အမေရိကန် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်ကို ပူးပေါင်းတိုက်ဖျက်ရန် အတွက် တောင်သူလယ်သမားသမဂ္ဂများ ပေါင်းစည်းထားသည့် 'Samyukta Kisan Morcha' နှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ထပ်လောင်းပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ကြေး အများ ဆုံးပေးသည့် နိုင်ငံများထဲမှ တစ်ခုဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် အမေရိကန် စိုက်ပျိုးရေးဥပဒေကြမ်းတွင် အသုံးစရိတ် အမေရိကန်ဒေါ်လာ ၉၅၆ ဘီလီယံ ခွဲဝေသတ်မှတ်ခဲ့ပြီး၊ ၂၀၂၄ ခုနှစ် စိုက်ပျိုးရေး ဥပဒေ ကြမ်းတွင် စုစုပေါင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံ ခွဲဝေသတ်မှတ်ထားကြောင်း၊ အဆို ပါထောက်ပံ့ကြေးများသည် အမေရိကန်ပြည်ထောင်စုသို့ စိုက်ပျိုးရေးထုတ်ကုန်များ တင်သွင်းမှုများ ကို ကန့်သတ်ရုံသာမက အိန္ဒိယနိုင်ငံကဲ့သို့သော ပို့ကုန်ဈေးကွက်များသို့ အမေရိကန်ထုတ်ကုန်များ ဝင်ရောက်နိုင်ရန် အထောက်အပံ့ပေးသည့် အနေဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ကြေညာချက်တွင် သတိပေးဖော်ပြထားသည်။

၎င်းက အမေရိကန်နို့ထွက်ပစ္စည်း ထုတ်လုပ်သူများသည် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ တန်ဖိုးရှိ ထောက်ပံ့ကြေးများမှ အကျိုးအမြတ်ရရှိနေကြောင်း ထပ်မံထောက်ပြခဲ့သည်။ လက်ရှိတွင် အမေရိကန်ပြည်ထောင်စုမှ နို့ထွက်ပစ္စည်းတင်သွင်းမှုမှာ အလွန်နည်းပါးသော်လည်း အကယ်၍ အိန္ဒိယနိုင်ငံက အကောက်ခွန်လျှော့ချပါက ပြည်တွင်း၌ နို့ထွက်ပစ္စည်းထုတ်လုပ်လျက်ရှိသော တောင်သူလယ်သမားများအနေဖြင့် ရှင်သန်ရပ်တည်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ် ကြောင်း ၎င်းက ပြောကြားခဲ့သည်။

"ဘာသာရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ ထိလွယ်ရှလွယ် ကိစ္စရပ်တွေလည်း ရှိနေပါတယ်။ ဘာ ကြောင့်လဲဆိုတော့ အမေရိကန်ဒိန်ခဲမှာ နွားငယ်အူလမ်းကြောင်းကနေ ရရှိတဲ့ ရနက် (rennet) တွေ ပါဝင်နေတတ်လို့ပါပဲ။ အိန္ဒိယနိုင်ငံမှာ အဲဒီလိုပါဝင်မှုတွေကို စစ်ဆေးအတည်ပြုဖို့ ခိုင်မာတဲ့ ယန္တရား တွေ မရှိသေးသလို အမေရိကန်ပြည်ထောင်စုကလည်း မဖြစ်မနေ ကုန်အညွှန်းအမှတ်အသားဖော်ပြ ဖို့ကို ခုခံငြင်းဆန် နေတဲ့ အနေအထားမှာရှိပါတယ်" ဟု အဆိုပါကြေညာချက်တွင် ထောက်ပြထား ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Indian farmers' forum asks Govt to stop India-US FTA negotiations, June 25, 2025.

……………………………………………………………………………………………..

## အမေရိကန်ပြည်ထောင်စုမှ အီရန်နျူကလီးယားစခန်းများအား လေကြောင်း တိုက်ခိုက်မှုများပြုလုပ်ခဲ့မှုကြောင့် အိန္ဒိယနိုင်ငံအတွက် အနောက်အာရှနှင့် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ကျော်အထိ ထိခိုက်နိုင်

မကြာသေးမီက အမေရိကန်ပြည်ထောင်စုမှ အီရန်နျူကလီးယားစခန်းများအား လေကြောင်း တိုက်ခိုက်မှုများပြုလုပ်ခဲ့မှုကြောင့် အိန္ဒိယနိုင်ငံအတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့ပြီး ပဋိပက္ခများ ပိုမိုပြင်းထန်လာပါက အနောက်အာရှနှင့် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ကျော်အထိ ထိခိုက်နိုင်ကြောင်း သိရသည်။ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုသုတေသနဌာန (Global Trade Research Initiative -GTRI) တည်ထောင်သူ Ajay Srivastava ၏ ပြောကြားချက်အရ သင်္ဘောလမ်းကြောင်းများ၊ ဆိပ်ကမ်းဝင်ရောက်ခွင့် သို့မဟုတ် ဘဏ္ဍာရေးစနစ်များ ထိခိုက်ပျက်စီးပါက အိန္ဒိယ၏ ကုန်သွယ်ရေးစီးဆင်းမှုကို ဆိုးရွားစွာထိခိုက်စေပြီး ကုန်ကျစရိတ်များ တိုးမြင့်လာကာ ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း The Money Control က ယခုလ ၂၂ ရက်က ဖော်ပြထားသည်။

အီရန်နိုင်ငံအနေဖြင့် ကာတာကဲ့သို့သော ဒေသတွင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကို တိုက်ခိုက်ခြင်းဖြင့် လက်တုံ့ပြန်လာနိုင်သည်ဟု စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း၊ ထို့အပြင် အီရန်လွှတ်တော်က မဟာဗျူဟာမြောက် အရေးပါသည့် ဟော်မုဇ်ရေလက်ကြားကို ပိတ်ပစ်ရန် အစီအမံတစ်ခုကို အတည်ပြုခဲ့သော်လည်း နောက်ဆုံးဆုံးဖြတ်ချက်မှာ အီရန်အမျိုးသားလုံခြုံရေးကောင်စီတွင် တည်ရှိကြောင်း သိရသည်။

ပင်လယ်ကွေ့နိုင်ငံများနှင့် အိန္ဒိယ၏ ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂၂၀ ဘီလီယံကျော်ဖြင့် သိသိသာသာ မြင့်မားနေသော်လည်း ရေနံဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ဟော်မုဇ်ရေလက်ကြားနှင့် ပင်လယ်နီတို့တွင် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများသည် ကုန်စည်ပို့ဆောင်ရေးကို သက်ရောက်မှုရှိနိုင်ကြောင်း တွေ့ရှိရသည်။ အခြားအနောက်အာရှနိုင်ငံများ (အီရန်၊ အီရတ်၊ အစ္စရေး၊ ဂျော်ဒန်၊ လက်ဘနွန်၊ ဆီးရီးယားနှင့် ယီမင်) နှင့် အိန္ဒိယ၏ နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၈ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။ အထူးသဖြင့် အီရန်နှင့် အစ္စရေးတို့နှင့် ကုန်သွယ်မှုသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံသည် ဟော်မုဇ်ရေလက်ကြား ပိတ်ဆို့ခံရပါက အထူးသဖြင့် ထိခိုက်လွယ်သည့် အနေအထားရှိကြောင်း သိရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ ရေနံစိမ်းတင်သွင်းမှု သုံးပုံနှစ်ပုံနီးပါးနှင့် LNG တင်သွင်းမှု ထက်ဝက်ခန့်သည် အဆိုပါလမ်းကြောင်းမှ ဖြတ်သန်းသွားလာသောကြောင့် ဖြစ်သည်။ အဆိုပါ ရေလက်ကြားပိတ်ဆို့မှုကြောင့် ရေနံဈေးနှုန်းများနှင့် အိန္ဒိယ၏ တင်သွင်းမှုကုန်ကျစရိတ်များကို မြင့်တက်စေကာ ငွေကြေးဖောင်းပွမှုကို ပိုမိုဆိုးရွားစေနိုင်သည့်အတွက် နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို ထိခိုက်စေနိုင်ကြောင်း သိရသည်။ သင်္ဘောအာမခံ ပရီမီယံကြေးများနှင့် ကုန်စည်ပို့ဆောင်ခ ကုန်ကျစရိတ်များလည်း မြင့်တက်လာမည်ဟု သိရသည်။

အိန္ဒိယ၏ ရေနံစိမ်းတင်ပို့မှု ၆၅ ရာခိုင်နှုန်းခန့်သည် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းသွားလျက်ရှိကြောင်း သိရသည်။ အိန္ဒိယ၏ ဥရောပ၊ အမေရိကန်ပြည်ထောင်စုတို့နှင့် ကုန်သွယ်ရေးအတွက် အရေးပါသော လမ်းကြောင်းဖြစ်သည့် ပင်လယ်နီသည်လည်း အန္တရာယ်ရှိနေကြောင်း တွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယ၏ ပို့ကုန် ၃၀ ရာခိုင်နှုန်းနီးပါးသည် ဥရောပ၊ မြောက်အာဖရိကနှင့် အမေရိကန်အရှေ့ဘက်ကမ်းခြေသို့ ဘက်အယ်လ်မန်ဒက် ရေလက်ကြားကို ဖြတ်သန်းသွားသောကြောင့် ဖြစ်သည်။

ယခုလ ၁၃ ရက်နေ့၊ ပဋိပက္ခစတင်စဉ်ကတည်းက ရေနံဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ ရေနံစိမ်းတစ်စည်၏ ဈေးနှုန်းသည် ပဋိပက္ခမဖြစ်ပွားမီက ၆၉ ဒေါ်လာမှ ၇၇ ဒေါ်လာဝန်းကျင်အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် မတ်လတွင် ပင်လယ်ကွေ့နိုင်ငံများအပါအဝင် အနောက်အာရှမှ အိန္ဒိယနိုင်ငံသို့ ရေနံစိမ်းတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ၂၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် အိန္ဒိယ၏ ရေနံစိမ်းဈေးနှုန်းသည် ဧပြီလတွင် တစ်စည်လျှင် ၆၇ ဒသမ ၇၃ ဒေါ်လာမှ ယခုလတွင် ၆၉ ဒသမ ၂၄ ဒေါ်လာအထိ မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။ Emkay Global Financial Services ၏ ခန့်မှန်းချက်အရ ရေနံဈေးနှုန်း တစ်စည်လျှင် ၁၀ ဒေါ်လာ တိုးလာပါက အိန္ဒိယ၏ စားသုံးသူဈေးဆနှုန်းကိန်း (CPI) ငွေကြေးဖောင်းပွမှုအပေါ် နှစ်စဉ် ၀ ဒသမ ၃၅ ရာခိုင်နှုန်းအထိ ထပ်တိုးစေကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ထောက်ပံ့ရေးပြတ်တောက်မှုများကို လျှော့ချရန်အတွက် အခြားပင်လယ်လမ်းကြောင်းများကို ရှာဖွေလျက်ရှိပြီး မော်စကိုမှ ရေနံစိမ်း ပိုမိုဝယ်ယူရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။ ရေနံဝန်ကြီး Hardeep Singh Puri က အိန္ဒိယသည် ၎င်း၏ ရေနံထောက်ပံ့မှု လမ်းကြောင်းများကို မတူကွဲပြားအောင် လုပ်ဆောင်ထားပြီး ဟော်မုဇ်ရေလက်ကြားမှ သင်္ဘောတင်ပို့မှု

Agribusiness & Trade

များကို လတ်တလော ကန့်သတ်ထားကြောင်း ပြောကြားခဲ့သည်။ ရေနံစျေးနှုန်း တစ်စည်လျှင် ၇၅ ဒေါ်လာ ဝန်းကျင်တွင်ရှိနေသရွေ့ အိန္ဒိယ၏ သာမန်စာရင်းလိုငွေ၊ ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေး တိုးတက်မှုအပေါ် ခြိမ်းခြောက်နိုင်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေဦးမည်ဟု ကျွမ်းကျင်သူများက ယုံကြည်သည်။

GTRI တည်ထောင်သူ Ajay Srivastava က ဟော်မုဇ်ရေလက်ကြားကို ကြာရှည်စွာ ပိတ်ဆို့ထားပါက ပိုမိုကျယ်ပြန့်သော စစ်ရေးပဋိပက္ခများဖြစ်ပွားနိုင်ခြေရှိပြီး အထူးသဖြင့် အိန္ဒိယကဲ့သို့ စွမ်းအင်အပေါ် မှီခိုနေရသော နိုင်ငံများအတွက် သိသာထင်ရှားသည့် သက်ရောက်မှုများ ရှိလာနိုင်ကြောင်း ပြောကြားခဲ့သည်။ အိန္ဒိယသည် အီရန်နှင့် နက်ရှိုင်းသောဆက်ဆံရေးရှိပြီး Chabahar ဆိပ်ကမ်းကို မဟာဗျူဟာမြောက် တံခါးပေါက်အဖြစ် ရှုမြင်ထားသည်။ အမေရိကန်ပြည်ထောင်စု၊ အစ္စရေးတို့နှင့် ပဋိပက္ခတွင် ပါဝင်နေသော ပင်လယ်ကွေ့ အာရပ်နိုင်ငံများနှင့်လည်း ခိုင်မာသော ဆက်ဆံရေးကို ထိန်းသိမ်းထားကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Money Control, Trump's air strikes on Iran may put India’s $40 billion trade at risk, June 22, 2025.

……………………………………………………………………………………………………

Agribusiness & Trade